## ၈။ လေးပိုး

**Onion Thrips : *Thrips tabaci* (Lindeman, 1889)**

**Thysanoptera: Thripidae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**



ပ ထမပိုးမမည်အဆင့်သည်(၀.၃၅-၀.၃၈)မီလီမီတာရှည်၍ဒုတိယပိုးမမည် အဆင့်သည်(၀.၇-၀.၉)မီလီမီတာရှည်သည်။အမကောင်ကြီးသည် အဝါဖျော့ရောင်ရှိပြီး (၁.၀-၁.၄)မီလီလီတာရှည်ပြီး ဦးမှင်မှာ အဆစ်(၆)ဆစ် ရှိသည်။ ဖွံ့ဖြိုးပြီးအမွေးရှည်သောအတောင်ပံနှင့်ဥထိုးတံပါရှိသည်။အထီးတွေ့ရမှုနည်းသည်။

**ဖျက်ဆီးပုံလက္ခဏာများ**



လေးပိုးသည် အရွက်နုများနှင့် အဖူးများအား ထိုးဖောက်၍ အပြင်ဘက်ပိုင်းရှိ အပင်ဆဲလ်များကို ဖျက်ဆီးပြီး အပင်ရည်ကို စုပ်စားခြင်းဖြင့် ဖျက်ဆီးသောကြောင့် အပင်ကြီးထွားမှုနှင့် အစာခြေဖျက်မှု လုပ်ငန်းများကို လျော့ကျစေသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥအဆင့် | -(၄-၅)ရက် |
| ပိုးမမည်အဆင့် | - (၉) ရက် |
| ရုပ်ဖုံး အဆင့် | - (၄-၇) ရက် |
| အကောင်ကြီး အဆင့် | - (၂-၃) ပတ် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းများ**

(၁)ငရုတ်၊ကြက်သွန်နီသီးနှံများနှင့်တွဲဖက်မစိုက်ပါနှင့်။

(၂)လှေးပိုးပေါက်ပွားမှုကို ဟန့်တားရန် ပျိုးပင်များအပေါ်မှ ရေဖျန်းပါ။

(၃)မစိုက်မီမျိုးစေ့အားအီမီဒါကလိုပရစ်ဒ် (Imidacloprid 600FS / Imidacloprid 70SS) ဆေးဖြင့်လူးနယ်စိုက်ပျိုးပါ။

(၄) အပြာရောင်ပိုးဖမ်းထောင် ချောက်တစ်ကေလျှင်(၅)ခုတပ်ဆင်ဖမ်းယူပါ။

(၅)ထိသေ၊စားသေ (သို့) ပင်လုံးပြန့်ပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေးအညွှန်းအတိုင်း ပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျ ခူးဆွတ်ပါ။

- ဒိုင်မီသိုအိတ် (Dimethoate)
- ဖစ်ပရိုနေး (Fipronil)
- ကာဘိုဆာလဖန်(Carbosufan)
- အဆီတာမီပရစ် (Acetamiprid)
- ကလိုဖီနာပြာ(Chlorfenapyr)